# အကြမ်းဖက် အစိုးရက သာသနာကိုပင် ဖျက်ဆီးလာနေပြီ

## မြန်မာစစ်အာဏာရှင်တို့မှာ ပြည်သူတို့အပေါ် နှိပ်စက်ရုံဖြင့် အားမရသေး၊ သာသနာကွယ်အောင်ပင် လုပ်လာချေပြီ

မြန်မာနိုင်ငံသားတို့သည် အစဉ်အလာအားဖြင့် ဘာသာတရား ကိုင်းရှိုင်းကြသည်။ နိုင်ငံတွင်း၌ ဗုဒ္ဓဘာသာသည် အများဆုံးကိုးကွယ်သော ဘာသာတရားအဖြစ်ရှိနေပြီး ခရစ်ယာန်၊ ဟိန္ဒူ၊ မူဆလင်ဘာသာနှင့် နတ်ကိုးကွယ်မှုတို့သည်လည်း အထိုက်အလျောက် ထွန်းကားလျက်ရှိသည်။ နိုင်ငံသားအားလုံးက မည်သည့်ဘာသာဝင် ဖြစ်စေကာမူ တရားရိပ် ဓမ္မရိပ်ကိုခိုလှုံ၍ မေတ္တာပို့ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်ကြသည်။

ဘေးဒုက္ခ အန္တရာယ်ဆိုးကြီးများ ကပ်ရောက်လာပြီဆိုလျှင် ဖြူဖြူမဲမဲ ဆင်းရဲချမ်းသာမရွေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်လေ့ရှိကြသည်မှာ မြန်မာနိုင်ငံသားတို့၏ ဂုဏ်ယူစရာအကောင်းဆုံး ဓလေ့ထုံးစံဟုပင် ဆိုရပါမည်။ ထိုသို့သောသူများထဲ၌ ဗုဒ္ဓဘုရားရှင်၏ သားတော်များဖြစ်သော ဗုဒ္ဓဘာသာ ရဟန်းသံဃာများလည်း စွန့်လွှတ်စွန့်စား ပါဝင်ခဲ့ကြသည်မှာ ရာဇဝင်တွင် အထင်အရှားဖြစ်သည်။

လယ်တီဆရာတော် ဦးဉာဏဓဇ (မြန်မာသက္ကရာဇ် ၁၂၀၈–၁၂၈၅)ဆိုလျှင် ဆရာတော် အားထုတ်သော အံ့ဘနန်းရှိလှသည့် ပဋ္ဌိပတ်လုပ်ငန်းများကြောင့် မြန်မာတပြည်လုံးတွင် အလွန်ကျော်ကြားသည်။ ပဋ္ဌိပတ်လုပ်ငန်းနှင့် တရားပွဲကြီးများကြောင့်သာမဟုတ်၊ လူသားတို့ကြုံတွေ့ရသော ကပ်ရောဂါကြီးများကို ကာကွယ်ပေးနိုင်တော်မူသောကြောင့်လည်း ဖြစ်သည်။

လွန်ခဲ့သော နှစ်တရာနီးပါး မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ် ကျော်လွန်လာသောအခါ မြန်မာနိုင်ငံအထက်ပိုင်း၌ ကာလဝမ်းရောဂါနှင့် ပလိပ် ရောဂါဆိုးများ စဖြစ်ရာ တမြို့ပြီးတမြို့သို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားလျက်ရှိသည်။ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ နေရာအနှံ့ ပြန့်ပွားနေသဖြင့် မြို့ကြီးပြကြီးများ၌ သာသနာကွယ်၍ ကျီးလန့်စာစား ဖြစ်နေကြရသည်။

ထိုအဖြစ်များကိုကြည့်၍ လယ်တီဆရာတော် စိတ်မကောင်းဖြစ်ရသည်။ ပဓာန(ကမ္မဋ္ဌာန်း)အလုပ်နှင့် နယ်လှည့်တရားပွဲကြီးများကို ရပ်ဆိုင်းလိုက်သည်။ ပဋ္ဌိပတ်အလုပ်ခွင်ကို ထိခိုက်မည်မှန်းသိလျက်နှင့် သတ္တဝါတို့၏ လက်ငင်းဒုက္ခများကို ကယ်တင်ခြင်းမှာ လုပ်ခဲလှပြီး မွန်မြတ်သည်ဟု ခံယူလိုက်သည်။ ထို့နောက် အရပ်ရပ် လှည့်လည်ကာ ကပ်ရောဂါဆိုးကြီးများကို ကာကွယ်ပေးတော်မူသည်။ လာရောက်ပင့်ဆောင်သူ မရှိသည့်တိုင်အောင် တမြို့ပြီးတမြို့ မနေမနား ကြွတော်မူလေသည်။

ရောဂါဖြစ်ရာ မြို့ရွာများတွင် ဆရာတော်က အမိန့်တော်ပြန်တမ်း၊ ကမ္မဝါ၊ ပရိတ်များ ရွတ်ဖတ်စေသည်။ သေနတ်၊ သံချောင်း၊ သံပုံး၊ ကုလားတက်များကို ကျွက်ကျွက်ညံအောင် တီးစေသည်။ ပရိတ်ချည်၊ သဲများလည်းပေးသည်။ လောက်လေးခွများဖြင့်လည်း ပစ်ခတ်စေသည်။ စမလက်ဖွဲ့များလည်း ဝေငှပေးသည်။ ရောဂါပျောက်လေသည်။ ဆရာတော် ကြွလာမည်ဟု သတင်းကြားရုံဖြင့် ကပ်ရောဂါဆိုးတို့ ထွက်ပြေးပျောက်ကွယ်ကြရသည်မှာ ယုံနိုင်ဖွယ်ပင်မရှိ။ ဤသို့ဖြင့် လူသားတို့ ကပ်ရောဂါများ မကျနိုင်အောင် လယ်တီဆရာတော်က တနေရာပြီး တနေရာ အဆက်မပြတ် ကြွချီ ကယ်မပေးတော်မူသည်မှာ လေးငါးနှစ်ကြာသည်။

တိုင်းတပါးတို့ ကျွန်ပြုလာသောခေတ်တွင်လည်း အမျိုး၊ ဘာသာ၊ သာသနာ မပျောက်ကွယ်စေရန် လွတ်လပ်ရေးကို ပြန်လည်ရယူရန် ဦးဝိစာရ၊ ဦးဥတ္တမ တို့ကဲ့သို့သော သာသနာ့အာဇာနည်ကြီးများစွာ ထွက်ပေါ်လာခဲ့ဖူးသည်။ မြန်မာနိုင်ငံသားတို့အတွက်သာမက တကမ္ဘာလုံး ငြိမ်းချမ်းရေးရအောင် ဆရာတော် ဦးဝိစိတ္တသာရကဲ့သို့သော ရဟန်းသံဃာပေါင်းများစွာတို့ကလည်း မေတ္တာပို့ပေးခဲ့ကြ၊ ပို့နေဆဲပင်ရှိလေသည်။

လူသားတို့တွင် ကျရောက်နေသော၊ ကျရောက်လတ္တံ့သော ဘေးဒုက္ခအန္တရာယ်များကို သံဃာရှင်သူတော်ကောင်းတို့က သာသနာ့ဘောင်အတွင်းမှနေ၍ ကူညီစောင့်ရှောက်တတ်သည့် ဤဓလေ့စရိုက်ကောင်းကို မျိုးဆက် တခေတ်ပြီးတခေတ် ဆက်လက်ထိန်းသိမ်းနိုင်ကြသည်။ သာသနာတော် မပျက်စီးရလေအောင် ပြည်သူတို့ကိုယ်တိုင်ကလည်း ရဟန်းသံဃာတို့၏ အရိပ်ကိုပင်မနင်း ရှိသေလေးစား ဩဝါဒခံယူလျက် ဆွမ်း–ကွမ်း–သင်္ကန်း–ကျောင်း စုံလင်အောင် ပူဇော်လှူဒါန်းသည့် ဓလေ့ကောင်းကို မပြတ်တမ်း ထိန်းသိမ်းနိုင်ကြသည်။ ဂုဏ်ယူစရာကောင်းသည့် မြန်မာ့ဓလေ့ဖြစ်သည်။

သို့သော် ယနေ့မြန်မာနိုင်ငံတွင် ဤဓလေ့စရိုက်ကောင်းကို ရိုက်နှက်ဖျက်ဆီးသူတို့ ရှိလာသည်ကို ဝမ်းနည်းစွာ ကြုံလာရပါပြီ။ ၂၀၀၇ စက်တင်ဘာ (၅)ရက် မွန်းလွဲပိုင်း (၂)နာရီခန့်က ဖြစ်သည်။ မြန်မာပြည်သူ

လူထုတို့ နေ့တဓူဝ ကြုံတွေ့နေရသော အထွေထွေ စီးပွားပျက်ကပ်ကြီးမှ လွတ်မြောက်နိုင်စေရန် ပခုက္ကူမြို့မှ သံဃာတော် အပါး(၆၀၀)ခန့်က သင်္ကန်းများကို သပ္ပာယ်စွာရုံ၍ ညီညာစွာ မေတ္တာပို့ပေးရင်း လေးငါးပါး တတွဲစီဖြင့် စီတန်းကြွချီတော်မူလာကြသည်။ "လူအချင်းချင်း နှိပ်စက်ခြင်း ကင်းဝေးကြပါစေ"၊ "အဓမ္မပြုခြင်း ကင်းဝေးကြပါစေ" အစရှိသော ဦးဝိစိတ္တသာရ၏ မေတ္တာပို့များကို ရွတ်ဖတ်ကြသည်။

ပခုက္ကူမြို့တွင် သံဃာ (၃၀၀၀)ကျော်ရှိသည်။ မိမိတို့၏ ပစ္စည်းလေးပါး ဒါယိကာ၊ ဒါယိကာမများ အလွန်အမင်း စီးပွားကျပ်တည်းပြီး လုံခြုံမှု ကင်းမဲ့နေသည်ကို ကျောင်းတိုက်(၃)တိုက်မှ စာသင်သား သံဃာတော်တို့က ကြည့်မနေရက်တော့သဖြင့် သာသနာ့ဘောင်အတွင်းမှ စောင့်ရှောက်ပေးခြင်းသာ ဖြစ်သည်။

အစပိုင်းတွင် ရဲများက ဝင်ရောက်ဟန့်တားသော်လည်း အခက်အခဲမရှိ ကျော်ဖြတ်လာနိုင်ကြသည်။ ရှေ့ဆုံးတွင် ကိုရင်ငယ်တပါးက လောင်စာဆီဈေးနှုန်း ကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်း ကျဆင်းရေး ပိုစတာကို ကိုင်ဆောင်ထားသည်။ ပခုက္ကူမြို့သားတို့ကလည်း လမ်းဘေး ဝဲယာတဘက်တချက်တွင် ရပ်ကြည့်ရင်း ဝမ်းသာအားရဖြစ်ကာ လက်ခုပ်လက်ဝါးများတီး၍ အားပေးနေကြသည်။ လူထုကြီးမှာလည်း အရေအတွက်အားဖြင့် တသောင်းခန့်ပင်ရှိလာသည်။

ပခုက္ကူဆေးရုံအနီး မီးပွိုင့်တွင် စစ်အစိုးရအာဏာပိုင်တို့၏ အမိန့်ဖြင့် မာဇဒါကား (၂)စီး၊ E2000 (၁)စီး၊ ဟီးနိုးကား(၁)စီးတို့က ပိတ်ဆို့ထားပြီး ယူနီဖောင်းဝတ် စစ်သားတပ်စိတ် (၂)စိတ်က အသင့်နေရာယူထားသည်။ ထိုအချိန်တွင် စစ်အစိုးရမှ နိုင်ငံတော်ဘဏ္ဍာဖြင့် ပူဇော်ထောက်ပံ့(လူမွေး)ထားသော သံဃာ့နာယကအဖွဲ့က နိုင်ငံပိုင်ကားများဖြင့်ရောက်ရှိလာကာ ရှေ့ဆုံးမှ ပိုစတာကိုင်ထားသည့် ကိုရင်တပါးကို ဝင်ဆွဲတော့သည်။ ထိုသို့ဆွဲရင်းရုန်းရင်း ဝရုန်းသုန်းကားဖြစ်နေစဉ် သံဃာတော်များနှင့် လူအုပ်ကြီးကို လူစုခွဲရန် စစ်တပ်က (၁၅)ချက်ခန့် သေနတ်ပစ်ဖောက်လိုက်သည်။ သံဃာတော်များနှင့်လူထုကြီးမှာ ကြောက်အားလန့်အား ခြေဦးတည့်ရာ ပြေးရင်း လူစုကွဲသွားတော့သည်။

တဆက်တည်းမှာပင် အစိုးရလက်သပ်မွေး လူမိုက်တို့ဖြစ်ကြသည့် ကြံ့ဖွံ့နှင့် စွမ်းအားရှင်တို့က အစီအစဉ်ရှိရှိဖြင့် သံဃာတော်တို့အား ဝင်ရောက်ရိုက်နှက်တော့သည်။ လူစုကွဲ၍ ထွက်ပြေးသည့် သံဃာတို့ကို စစ်သားတို့ကလည်း လိုက်ဖမ်းသည်။ ဖမ်းဆီးရာတွင် တိရိစ္ဆာန်များကို ကြိုးကွင်းစွပ်ဖမ်းသကဲ့သို့ဖမ်းကြသည်။ ထို့ပြင် ဖမ်းမိလာသူတို့ကို လည်ပင်းကြိုးစွပ်၍ တိုင်တွင်ချည်ပြီး တိရိစ္ဆာန်များကို ရိုက်နှက်သကဲ့သို့ ရိုက်နှက်ကြပြန်သည်။ အချို့စစ်သားများက သံဃာတော်များကို သေနတ်ဒင်ဖြင့် ရိုက်သည်။ ခြေဖြင့်ကန်သည်။ လည်ပင်းကြိုးစွပ်၍ ကားမှာဆွဲသည်။ သံဃာတပါးမှာ နားအုံတွင် ပြင်းထန်စွာ အရိုက်ခံရသဖြင့် ဆေးရုံပို့လိုက်ရသည်။

ဖမ်းခံနေရစဉ် ရဟန်းသံဃာတပါး ကွမ်းစားနေသည်ကို စစ်သားတဦးကတွေ့၍ ကွမ်းမစားပဲ ယောကျ်ားတန်ဆာကို စားရန် ပြောသည်အထိ မိုက်ရိုင်းနေကြတော့သည်။ ဘုန်းကြီးကို သာမန်လူများကို နှိမ့်ချပြောဆိုသကဲ့သို့ "ဒီကောင်တွေ"ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံသည်။ ဖမ်းဆီးခံရသူ သံဃာ(၃)ပါးကို ရဲစခန်းတွင် ရိုက်နှက်၍ သင်္ကန်း အတင်းချွတ်ခိုင်းပြီး အချုပ်ထဲသို့ ထည့်သည်။ မတရားဖမ်းဆီးသည်မှာ ထင်ရှားနေမှန်းသိသဖြင့် ခေတ္တမျှဖမ်းဆီးပြီးနောက်  ပြန်လွှတ်ပေးလိုက်သည်။

အခင်းဖြစ်ပွားစဉ်တွင် တာဝန်ရှိသူ အာဏာပိုင်တို့က အမိန့်ပေးသဖြင့် သံဃာတော်များကိုသာမက ရပ်ကြည့်နေသည့် လူထုကိုပါ စစ်သားများက လိုက်ရိုက်သည်။ လိုက်ဖမ်းသည်။ အနီးကပ် လေးခွဖြင့်ပစ်သည်။ ထိုသို့ လူမဆန်စွာ အကြမ်းဖက်သဖြင့် သံဃာတော် နှစ်ပါး သုံးပါး ပျံလွန်တော်မူပြီး လေးငါးပါးမှာ ဆေးရုံတင်ထားရသည်ဟု  အတည်မပြုနိုင်သေးသော သတင်းများ ထွက်ပေါ်နေသည်။ သံဃာစုစုပေါင်း (၁၀)ပါးခန့် အဖမ်းခံရသည်ဟုလည်း သိရသည်။

နောက်တရက်တွင် သံဃာတော်များထံ လာရောက်သော အာဏာပိုင်များကို မကျေမနပ်ဖြစ်နေကြသည့် သံဃာတော်များက ဘုန်းကြီးကျောင်းတွင် ထိန်းသိမ်းလိုက်ပြီး ထိုအာဏာပိုင်တို့စီးလာသောကားများမှ (၄)စီးကို မီးရှို့လိုက်ကြသည်။ လူအုပ်ကြီးကလည်း ဝိုင်းကြည့်နေကြသည်။ ထိုသို့မီးရှို့နေသည့်တိုင်အောင် မီးသတ်ကားများ ရောက်လာ၍ မီးငြိမ်းသတ်ခြင်း မရှိ။ ရဲများလည်း ရောက်မလာ။ စစ်တပ်ကလည်း ဝင်ရောက်ထိန်းသိမ်းပေးခြင်းမရှိခဲ့။ ယင်းမှာ မင်းမဲ့စရိုက်များ ဖြစ်လာအောင် အာဏာပိုင်တို့မှ အကွက်ဆင်နေခြင်းသာဖြစ်သည်။

ထိုနေ့ညတွင်လည်း သံဃာတော်အပါး (၃၀၀)ခန့်က ယမန်နေ့ အကြမ်းဖက် ဖမ်းဆီးရိုက်နှက်ပွဲတွင် ပါဝင်သည့် ကြံ့ဖွံ့ အတွင်းရေးမှူး၏ ဆိုင်နှင့် စွမ်းအာရှင်လူမိုက်တဦးတို့၏အိမ်ကို ဝင်ရောက်ဖျက်ဆီးရာ မည်သည့် အာဏာပိုင်မျှ လာရောက် တားဆီးခြင်းမရှိသည်ကို တွေ့ရပြန်သည်။ စတင်အကြမ်းဖက်သူက အကြမ်းဖက်ခံရသူတို့အပေါ် အပြစ်ပုံချရန်၊ လက်နက်အားကိုးဖြင့် ဖြိုခွဲနှိမ်နင်းရန် အကြောင်းရှာနေသည်ကို တွေ့ရပြန်သည်။

ရှစ်လေးလုံး လူထုအုံကြွမှုအတွင်း လူသတ်၊ ခေါင်းဖြတ်၊ ဂိုဒေါင်ဖောက်၊ ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးသည့် မင်းမဲ့စရိုက်များကို စတင်ဖန်တီးပြီး စစ်တပ်မှ အာဏာသိမ်းသူတို့မှာလည်း ယခုအာဏာပိုင်တို့ပင် ဖြစ်ရာ ပြည်သူတို့အနေဖြင့် အထူးသတိထား၍ တုန့်ပြန်ရန်လိုအပ်နေပါပြီ။

ဗုဒ္ဓဘာသာအတွက်ဖြစ်စေ၊ နိုင်ငံအတွက်ဖြစ်စေ ဝမ်းနည်းစရာပိုကောင်းသည်မှာ အာဏာပိုင် အထက်အရာရှိတို့က အမိန့်ပေးသည့်အတိုင်း မြန်မာလူမျိုးတို့အချင်းချင်း၊ ဗုဒ္ဓဘာသာဝင်အချင်းချင်းတို့က ဗုဒ္ဓဘာသာကို သေးသိမ်အောင် ဖျက်ဆီးလာခြင်းဖြစ်သည်။ ဝမ်းနည်းစရာအကောင်းဆုံးကား ထိုသို့သော အကြမ်းဖက်မှုကြီးကို စစ်အစိုးရအာဏာပိုင်တို့ ကိုယ်တိုင်က ကြံစည်ပြုမူခြင်းနှင့် အားပေးအားမြှောက်လုပ်နေခြင်း ဖြစ်သည်။

ပခုက္ကူသံဃာများကို သေနတ်ပစ်ခတ်၍ ကြမ်းတမ်းစွာ ရိုက်နှက်ဖြိုခွဲသည့်သတင်းကို နာရီပိုင်းအတွင်းမှာပင် နိုင်ငံတကာရောက် မြန်မာများနှင့် ကမ္ဘာ့ပြည်သူများက သိလိုက်ကြသည်။ ချက်ချင်းပင် ပြင်းပြင်းထန်ထန် ရှုံ့ချပြစ်တင်လိုက်ကြသည်။ ပြည်ပအခြေစိုက် မြန်မာအသံလွှင့်ဌာနများမှ ပုံမှန် အသံလွှင့်ပေးနေသည့်အပြင် နေ့ခင်းပိုင်းအချိန်များ၌လည်း တိုက်ရိုက်အသံလွှင့်ပေးခြင်း၊ ဂြိုဟ်တုစလောင်းများမှ လွှင့်ထုတ်ပေးခြင်းများကြောင့် ပြည်တွင်းမှ မြန်မာပြည်သူတို့က အဖြစ်မှန်များကို အော့နှလုံးနာစွာ သိရှိကြရသည်။ သို့သော် စစ်အစိုးရပိုင် သတင်းစာများကမူ သတင်းမှန်များစွာကို ထိမ်ချန်၍ တရက်ခြားမှ ရေးသားဖော်ပြသည်။ ဗုဒ္ဓဘာသာ ရဟန်းသံဃာများနှင့် စီးပွားရေး အကျပ်အတည်းခံစားနေရသော ပြည်သူတို့အပေါ် စစ်အစိုးရ၏ သဘောအမှန်ကို ထင်ဟပ်လိုက်ခြင်းဖြစ်သည်။

စစ်အစိုးရသည် သံဃာတော်များအား နိုင်ငံရေးမှုများဖြင့် ဖမ်းဆီးနေသည်မှာကြာလှပါပြီ။ သင်္ကန်းအတင်းချွတ်ခိုင်းပြီး ညှင်းပမ်းနှိပ်စက်၊ နှစ်ရှည်ထောင်ဒဏ်များ ချသည်။ လက်ရှိအားဖြင့်လည်း မြန်မာနိုင်ငံအရပ်ရပ်ရှိ အကျဉ်းထောင်များတွင် သင်္ကန်းချွတ်ခံရသော သံဃာအကျဉ်းသားများစွာ ကျန်ရှိနေသေးသည်။ လွန်ခဲ့သည့် ၁၇–၈–၀၇ နေ့က ပြန်လွတ်လာသူ မန္တလေးဂဠုန်နီဆရာတော် ဦးကာဝိယမှာ ရှစ်လေးလုံး လှုပ်ရှားမှုများကြောင့် သေဒဏ်ပေးရန် စစ်အာဏာသိမ်းအစိုးရက အမိန့်ချမှတ်ခံရသူဖြစ်သည်။ သေဒဏ်မှ နှစ်(၂၀)သို့ ပြစ်ဒဏ်လျှော့ပေါ့ပြီးသည့်တိုင်အောင် ထောင်ထဲတွင် (၁၈)နှစ်ကျော် သင်္ကန်းချွတ်ဖြင့် နေခဲ့ရသည်။ ပိဋကတ်သုံးပုံဆောင် ရဟန်းသံဃာတပါးကိုပင် စစ်အစိုးရက သင်္ကန်းချွတ်ဖြင့် ထောင်ချရန် ကြိုးပမ်းခဲ့ဖူးလေသည်။

သာသနာကို ပြည်သူတို့က ဘာသာဝင်တဦးပီပီ တာဝန်သိသိ ကာကွယ် စောင့်ရှောက်ရသည်။ တိုင်းပြည်အစိုးရဖြစ်လျှင် ပို၍ပင် တာဝန်ရှိစွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရသည်။ သာသနာကွယ်မည့် အရေးကိုမြင်၍ လွန်ခဲ့သည့် နှစ်တရာဝန်းကျင်က လယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် နမူနာပြ လုပ်ဆောင်ခဲ့ချေပြီ။ ယခုလည်း လယ်တီခေတ်နှင့်မခြား၊ ကပ်ဆိုက်လာပြန်သည်။ စစ်ခေါင်းဆောင်တစုတို့၏ ဖိနှိပ်မှုအောက်တွင် ပြည်သူတို့ ဆင်းရဲတွင်းနက်သည်ထက်နက်၍ တရားဥပဒေစိုးမိုးမှု ကင်းမဲ့လာနေသည်မှာ ပို၍ဆိုးသည်ဟုပင် ဆိုရတော့မည်။

စစ်အစိုးရခေါင်းဆောင်တို့တွင် "ငါ(တို့) အာဏာမြဲရင် ပြီးရော၊ ဘာမဆိုလုပ်ပစ်မယ်"ဟူသော တကိုယ်ကောင်း အတ္တစိတ်များ လွန်လွန်ကဲကဲ ကြီးမားနေပါပြီ။ အတ္တစိတ်ကို လျှော့ချ၍ စိတ်ကလေးတချက် ပြုပြင်ပြောင်းလဲပေးလိုက်ရုံနှင့် သန်း(၅၀)ကျော် မြန်မာပြည်သူတို့ စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်လာနိုင်မည့်အရေးသာလျှင် အမှန်တကယ် သာသနာကို စောင့်ရှောက်နိုင်မည်ဖြစ်ပြီး ပြောလွယ်ဆိုလွယ် နားထောင်လွယ်သည့် သောဝစ္စသတာဂုဏ်နှင့် ပြည့်စုံမည်ဟု မဟာစည်တိုက်ခွဲ ကျောင်းထိုင်ဆရာတော်က အမိန့်ရှိသွားသည်ကို စစ်အစိုးရခေါင်းဆောင်များ သိရှိစေလိုသည်။

ဂေါတမ ဗုဒ္ဓအား သွေးစိမ်းရှင်ရှင်ထွက်အောင် ကျောက်တုံးတွန်းချ၍ သေကြောင်းကြံစည်ခဲ့သော ဒေဝဒတ်ကား မြေမြို၍ငရဲခံနေရသည်ကို စစ်အာဏာရှင်ခေါင်းဆောင်တို့နှင့်တကွ အမိန့်ကိုနာခံရသော နောက်လိုက်ငယ်သားတို့အားလုံး သိကြမည်ဖြစ်သည်။ အာဏာရှင်၏ ဩဇာခံအားလုံးတို့အနေဖြင့် ဒေဝဒတ်နောက်သို့ မလိုက်ကြရန်၊ အထက်က စိတ်ရူးပေါက်တိုင်းပေးသည့်အမိန့်ကို မနာခံကြရန်၊ အမှားကိုမြင်၍ အမှန်ကို အချိန်မီ ပြုပြင်ကြရန်၊ မိသားစုဝင်နှင့် ဆွေမျိုးသားချင်း မိတ်ဆွေ အပေါင်းအသင်းတို့ကလည်း ဝိုင်းဝန်းနားချကြရန် မရှိမဖြစ် လိုအပ်နေပါပြီ။ အာဏာရှင် ဆိုသည်မှာ အမိန့်နာခံသူ မရှိတော့သည့်အခါ ရပ်တည်နိုင်စွမ်း မရှိတော့ပဲ အလိုလို ပြုတ်ကျသွားရမည်သာဖြစ်သည်။

လွှင်အောင်စိုး
၂၀၀၇ စက်တင်ဘာ ၈ ရက်